United Healthcare Community Plan

မင်္ဂလာပါ၊

---

***မှန်ကန်သော စောင့်ရှောက်မှုကို ရယူပါ… သင့်ရွေးချယ်စရာများကို သိရှိထားပါ။***

သင်နေမကောင်းဖြစ်လျှင် သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိလျှင် သင်၏ အဓိကဆေးဘက်ဆိုင်ရာဝန်ဆောင်မှုပေးသူ (Primary Medical Provider, PMP) သည် သင်၏ လိုအပ်ချက်အများစုကို ဖြည့်ဆည်းပေးနိုင်ပါသည်။ တစ်ခါတစ်ရံတွင် သင့်သည် ၎င်းတို့နှင့် နေ့တွင်းချင်းပင် ပြသနိုင်ပါသည်။ သင့်၏ PMP သည် သင့်အားသိရှိပြီး သင်၏ ဆေးကုသမှု ရာဇဝင်ကိုလည်း သိရှိထားသောကြောင့် အကောင်းဆုံးစောင့်ရှောက်မှုကို သင်ရရှိမည် ဖြစ်ပါသည်။

သင့်၏ ဝန်ဆောင်မှုပေးသူနှင့် သင်လိုချင်သည့်အချိန်အတိုင်း ချိန်းဆိုမှုပြုလုပ်နိုင်ခြင်း မရှိပါက သင်သည်-

1. NurseLine ဖုန်းနံပါတ် 1-866-801-4407 သို့ ခေါ်ဆိုပါ။ ၎င်းတို့သည် သင့်မေးခွန်းများကို ဖြေကြားနိုင်ပြီး တစ်နှစ်ပတ်လုံး 24/7 အချိန်မရွေးဝန်ဆောင်မှုပေးရန် အသင့်ရှိပါသည်။
2. သင်သည် Dr. Chat အက်ပ်ကို အိမ်မှဖြစ်စေ၊ သွားရင်းလာရင်းဖြစ်စေ အသုံးပြုနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို UHCDoctorChat.com တွင်ဖြစ်စေ၊ အဖွဲ့ဝင်ဝန်ဆောင်မှု ဖုန်းနံပါတ် 1-800-832-4643 သို့ ခေါ်ဆို၍ဖြစ်စေ ရှာဖွေနိုင်ပါသည်။

အရေးပေါ်မဟုတ်သော စောင့်ရှောက်မှုကို ရယူရန် အကောင်းဆုံး နောက်ထပ်နေရာမှာ အရေးပေါ်စောင့်ရှောက်မှုဌာန ဖြစ်ပါသည်။ အရေးပေါ်စောင့်ရှောက်မှုဌာနများသည် သင့်ဒေသအတွင်းတွင် ရှိပြီး သင့်၏ PMP မအားလပ်သည့်အခါ သင့်အား ကူညီနိုင်ပါသည်။ အရေးပေါ်စောင့်ရှောက်မှုဌာနသည် အရေးပေါ်ဌာနထက် ပိုမိုမြန်ဆန်ပြီး ပိုမိုသေးငယ်ပါသည်။ လာရောက်ပြသပြီးနောက်၊ အရေးပေါ်စောင့်ရှောက်မှုဌာနမှ ဝန်ထမ်းများအား သင်၏ ဆေးမှတ်တမ်းများကို သင်၏ PMP ထံ ပေးပို့ရန် တောင်းဆိုပါ။

သင်ရွေးချယ်နိုင်သော အရေးပေါ်စောင့်ရှောက်မှုဌာနများစာရင်းကို သင်၏ UnitedHealthcare ဝက်ဘ်ဆိုက် https://www.uhccp.com/indianaတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ အခြား အဖွဲ့ဝင်ဆိုင်ရာ အချက်အလက်များလည်း ထိုနေရာတွင် ရှိပါသည်။

သင့်တွင် မေးမြန်းစရာများရှိပါက အဖွဲ့ဝင်ဝန်ဆောင်မှု ဖုန်းနံပါတ် 1-800-832-4643 သို့ ခေါ်ဆိုမေး မြန်းနိုင်ပါသည်။ TTY အသုံးပြုသူများအနေဖြင့် 711 ကို ဖုန်းခေါ်ဆိုနိုင်ပါသည်။ ကျွန်ုပ်တို့သည် တနင်္လာမှ သောကြာနေ့၊ အရှေ့ပိုင်းစံတော်ချိန် နံနက်8 နာရီမှ ည 8 နာရီအတွင်း ရရှိပါမည်။

လေးစားစွာဖြင့်၊

UnitedHealthcare Community Plan of Indiana

UnitedHealthcare Community Plan of Indiana သည် သက်ဆိုင်ရာ ဖက်ဒရယ် နိုင်ငံသားအခွင့်အရေး များကို လိုက်နာပြီး လူများကို လူမျိုးနွယ်၊ အသားအရောင်၊ ဇာတိနိုင်ငံ၊ လူမျိုး၊ အသားအရောင်၊ အမျိုး သားဇာတိ၊ အသက်၊ မသန်စွမ်းမှု၊ ဘာသာတရား သို့မဟုတ် လိင်အပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခြင်း၊ လူများကို ဖယ်ထုတ်ခြင်း သို့မဟုတ် ကွဲပြားစွာ ဆက်ဆံခြင်းမပြုပါ။ ကျွန်ုပ်တို့နှင့် ဆက်သွယ်နိုင်ရန် ကူညီပေးသည့် ဝန်ဆောင်မှုများကို အခြားဘာသာစကားများ ဖြင့်သော်လည်းကောင်း၊ ပုံနှိပ်စာလုံးကြီးများဖြင့်သော်လည်းကောင်း အဖွဲ့ဝင်များအတွက် အခမဲ့ ပံ့ပိုးပေးထားပါသည်။ သို့မဟုတ်လည်း စကားပြန်တစ်ယောက် တောင်းခံနိုင်ပါသည်။ အကူအညီတောင်းဆိုရန်အတွက် အဖွဲ့ဝင်ဝန်ဆောင်မှုများထံသို့ တနင်္လာနေ့မှ သောကြာနေ့အထိ၊ ET နံနက် 8 နာရီမှ ည 8 နာရီအတွင်း 1-800-832-4643၊ TTY 711 ဖြင့် ဖုန်းခေါ်ဆိုပါ။

UnitedHealthcare Community Plan of Indiana complies with applicable federal civil rights laws and does not discriminate, exclude people, or treat them differently on the basis of race, color, national origin, age, disability, religion, or sex. Services to help you communicate with us are provided at no cost to members, such as other languages or large print. Or you can ask for an interpreter. To ask for help, please call Member Services at 1-800-832-4643, TTY 711, 8 am – 8 pm ET, Monday – Friday.